**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)
၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃) ရက်
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်

အကြောင်းအရာ။ **လုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားခများကို ကြိုတင်ငွေအဖြစ် ပေးသွင်းနိုင်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ အမျိုးသားညီညွတ်ရေးအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၈-၆-၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူလူထု၏ ဝန်ထုပ် ဝန်ပိုးများကို လျှော့ချနိုင်စေရန်အတွက် ပြည်သူလူထု သုံးစွဲလျက်ရှိသော လျှပ်စစ်ဓာတ်အားခများ နှင့် ပတ်သက်၍ အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားခ ကျသင့်ငွေနှင့် မီတာ ဝန်ဆောင်ခများကို အခမဲ့ ကင်းလွတ်ခွင့် ပြုထားပြီး အိမ်သုံးမဟုတ်သည့် အမျိုးအစားများအတွက် လျှပ်စစ်ဓာတ်အားခ ကျသင့်ငွေနှင့် အခြားဝန်ဆောင်ခများ ကောက်ခံခြင်းကို ခေတ္တဆိုင်းငံ့သည့် အမိန့်ညွှန်ကြားချက်ကို ရည်ညွှန်းချက်ပါစာဖြင့် ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ နွေဦးတော်လှန်ရေး အရှိန်မြင့်တက်လာပြီး ပြည်သူများ၏ ခုခံတော်လှန်စစ်မှာလည်း အင်အားကောင်းလာပြီ ဖြစ်ပါသည်။ အစွမ်းကုန် ရက်စက်ယုတ်မာသော အကြမ်းဖက် စစ်ကောင်စီကို တော်လှန် ရင်ဆိုင် လျှောက်လှမ်းနေရသော ခရီးဖြစ်သည့်အတွက် အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်တွင်း/ပြည်ပရှိ ပြည်သူများ၏အင်အားနှင့်အတူ လက်တွဲညီညီ အစွမ်းကုန် ကြိုးစားအားထုတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၃။ တော်လှန်ရေးအရှိန်မြင့်တက်လာသည့်နည်းတူ တော်လှန်ရေးအတွက် အရေးပါသော ဘဏ္ဍာငွေရှာဖွေခြင်းကိစ္စများ ဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားခများနှင့် ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း ထုတ်ပြန် ကြေညာအပ်ပါသည်-

(က) အိမ်သုံးမဟုတ်သည့် လုပ်ငန်းသုံး ပါဝါမီတာ၊ စီတီမီတာများအတွက် လျှပ်စစ် ဓာတ်အားခကျသင့်ငွေနှင့် အခြားဝန်ဆောင်ခများကို အမျိုးသား ညီညွတ်ရေး အစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနသို့ မိမိတို့ ပေးသွင်းလိုသည့် ဓာတ်အားခ ပမာဏကို ကြိုတင်ငွေအဖြစ် ပေးသွင်း နိုင်ပါသည်။

(ခ) အဆိုပါကိစ္စအတွက် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ လျှပ်စစ်တာဝန်ခံများနှင့် ဆက်သွယ်၍ မိမိတို့ ပေးသွင်းသင့်သည့် ပမာဏကို မိမိကိုယ်တိုင်ညှိနှိုင်း ဆုံးဖြတ်ကာ ပေးသွင်းနိုင်ပါသည်။

(ဂ) သက်ဆိုင်ရာ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ အနေဖြင့် လည်း ဓာတ်အားခ ကြိုတင်ငွေ ကောက်ခံခြင်းကို ကြားကာလ ဒေသန္တရ အုပ်ချုပ် ရေး ဖော်ဆောင်ရာတွင် အခွန်ကောက်ခံခြင်းနှင့် မျှဝေသုံးစွဲမှုဆိုင်ရာ မူဝါဒနှင့်အညီ ဆောင်ရွက်ရပါမည်။

(စိုးသူရထွန်း)
ပြည်ထောင်စုဝန်ကြီး